


မြန်မာနိုင်ငံ၌ ကျောင်းဝတ်စုံသစ်များ ဝတ်ဆင်ထားကြသော အမွှာညီအစ်မ လင်းလင်းနှင့် လဲ့လဲ့

Photos ©UNHCR/Hkun Lat

# " အိမ်ပြန်ရောက်တာ ပျော်တယ် " ဟု ထိုင်းနိုင်ငံမှ ကရင်ပြည်နယ် နေရပ်ပြန်များ ပြော

၂၀၁၈ ခုနှစ် ၊ စက်တင်ဘာလ( ၃) ရက်- ဝေါ်လေမြိုင်၊ မြန်မာနိုင်ငံ – ထိုင်း- မြန်မာနယ်စပ်တွင်တည်ရှိသော မြန်မာနိုင်ငံ၊ ကရင်ပြည်နယ် မြို့လေးတစ်မြို့ဖြစ်သည့် ဝေါ်လေမြိုင်မြို့၊ ရပ်ကွက်( ၁) တွင် နံနက်စောစောအချိန်အခါ၌ ကြိုးခုန်တမ်းကစားနေကြသော မိန်းမငယ်လေးများ၏ ပျော်ရွှင်စွာရယ်မောသံများသည် နံနက်ခင်းလေထဲတွင် ပျံ့နှံ့နေခဲ့သည်။

ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာနေထိုင်လာခဲ့ပြီးနောက် အသက်( ၁၁) နှစ်အရွယ်ရှိ လင်းလင်းနှင့် လဲ့လဲ့ အမွှာညီအစ်မနှစ်ယောက်အတွက် ယခုလိုကစားရသောအချိန်သည် အမှန်တကယ် စိတ်လှုပ်ရှားဖွယ်ရာကောင်းလှသည်။ မကြာသေးမီကပင် အမွှာညီအစ်မနှစ်ယောက်သည် ၎င်းတို့မိသားစုနှင့်အတူ မြန်မာနိုင်ငံသို့ ပြန်လည်အခြေချခဲ့ပြီး ၎င်းတို့၏ အိမ်နီးနားချင်းအသစ်များနှင့်ပင် မိတ်ဖွဲ့ပြီးနှင့်ပြီ ဖြစ်သည်။ စိမ်းလန်းစိုပြည်သောဒေသ၊ မုတ်သုန်မိုးကြောင့်စိမ်းလန်းနေသောမြက်ခင်းပြင်သည် မိန်းမငယ်လေးများ ဆော့ကစားရန်အတွက် နေရာသစ်တစ်ခု ဖန်တီးပေးရုံသာမက ၎င်းတို့ ပညာတက်ရောက်သင်ကြားနိုင်ရန်အတွက် မူလတန်းစာသင်ကျောင်းသစ်တစ်ခုလည်း ရှိနေပြီဖြစ်သည်။

“ သမီးတို့ ဒီမှာကစားရတာ ပျော်တယ် ” ဟု လင်းလင်း က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် UNHCR ကို ပြောသည်၊ “ ပြီးတော့ သမီးတို့ရဲ့ ကျောင်းဝတ်စုံသစ်တွေနဲ့ ကျောင်းမြန်မြန်တက်ချင်ပြီ။”

ယခုနှစ် မေလအစောပိုင်းထိတိုင် အမွှာနှစ်ဦးသည် ၎င်းတို့မိသားစု နှစ်ပေါင်းများစွာနေထိုင်လာခဲ့သည့် ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းထဲတွင်ရှိသော စာသင်ကျောင်းကိုသာ သိရှိခဲ့သည်။ အုန်းဖြန်စခန်းသည် ဒုက္ခသည် ၉၇၀၀၀ ကို ခိုလှုံရာပေးသည့် စခန်း( ၉) ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး အများစုမှာ ထိုင်း- မြန်မာနယ်စပ်တလျှောက်တွင်နေထိုင်သော ကရင်နှင့် ကယားလူမျိုးများဖြစ်ကြသည်။

အသက်( ၄၃) နှစ်အရွယ်ရှိ ၎င်းတို့၏မိခင်ဖြစ်သူ မြင့်သန်းက “စခန်းထဲမှာ နေထိုင်တာက ရေရှည်ခိုင်မြဲတဲ့ အဖြေတစ်ခု မဟုတ်ပါဘူး။ အနာဂတ်အတွက် အထူးသဖြင့် ကလေးတွေအတွက် နေရပ်ပြန်တာကပဲ ပိုကောင်းမယ်လို့ ကျွန်မတို့ ဆုံးဖြတ်ခဲ့ပါတယ်။”

အစိုးရနှင့် UNHCR တို့၏ ကူညီဆောင်ရွက်ပေးသော တရားဝင်လုပ်ငန်းစဉ်များမှတဆင့် မြန်မာနိုင်ငံသို့ ဒုက္ခသည်များဆန္ဒအလျောက် ပြန်နိုင်ကြောင်း ကြားသိရပြီးနောက် ၎င်းတို့သည် စခန်းအာဏာပိုင်များနှင့် UNHCR ထံသို့ ၂၀၁၇ ခုနှစ်တွင် ဆက်သွယ်လာခဲ့သည်။

မြန်မာနိုင်ငံအရှေ့တောင်ပိုင်း၌ ကာလကြာရှည်စွာဖြစ်ပွားနေသည့် မတည်ငြိမ်မှုများနှင့် ပဋိပက္ခများသည် မကြာသေးမီနှစ်များအတွင်း လျော့နည်းလာခဲ့ပြီး ဒေသတွင်းသို့ ဖွံ့ဖြိုးမှုများ တဖြည်းဖြည်း ဝင်ရောက်လာသည်၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် တရားဝင်လုပ်ငန်းစဉ်များမှတဆင့် ဒုက္ခသည်( ၇၁) ဦးပါဝင်သည့် ပထမဦးဆုံးအသုတ်သည် နေရပ်ပြန်သွားခဲ့ပြီးနောက် နောက်ဆက်တွဲအနေဖြင့် ၂၀၁၈ ခုနှစ် မေလတွင် ဒုတိယအသုတ်အဖြစ် ဒုက္ခသည်( ၉၃) ဦး နေရပ်ပြန်လည်အခြေချသွားခဲ့သည်။ အကြမ်းဖျင်းအားဖြင့် အခြားသောဒုက္ခသည် ( ၁၅၀၀၀) မှာ ၂၀၁၂ ခုနှစ်ကတည်းကပင် အရှေ့တောင်ပိုင်းသို့ ၎င်းတို့အစီအစဉ်ဖြင့် အလိုအလျောက်ပြန်သွားခြင်း၊ တစ်ဦးချင်းစီပြန်သွားခြင်းများရှိခဲ့သည်။



မြင့်သန်းမှ သူမ၏မိသားစုကုန်စုံဆိုင်အတွင်း ထိုင်နေစဉ်

မြင့်သန်းနှင့် အသက်( ၄၀) အရွယ်ရှိ သူမ၏ခင်ပွန်း အစိုးသည် အသက် ( ၅) နှစ်မှ ( ၁၅) နှစ်အတွင်းအသီးသီးရှိကြသော ၎င်းတို့၏သမီး( ၅) ဦး နှင့်အတူ ဝေါ်လေမြို့သို့ ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ မြင့်သန်းသည် ထိုမြို့မှ လာသူဖြစ်သောကြောင့် ၎င်းတို့သည် ကနဦးတွင် သူမ၏မိသားစုနှင့်အတူ နေထိုင်နိုင်သည်။

ပြန်လည်အခြေချပြီး လအနည်းငယ်အကြာတွင် ၎င်းတို့မိသားစုသည် မြင့်သန်း၏ ခယ်အိုဖြစ်သူအကူအညီဖြင့် ကုန်စုံဆိုင်လေးတစ်ဆိုင် ဖွင့်လှစ်ခဲ့ပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းတစ်ခုကိုပါ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။ မြင့်သန်းသည် ဆိုင်ကိုလည်း ကြီးကြပ်သလို သူမ၏အသက်(၁၅)နှစ်အရွယ်ရှိ သမီးဖြစ်သူခင်နှင်းဝေနှင့်အတူ တနေ့တာအလုပ်များကို ဆက်လက်လုပ်ကိုင်နေပြီး လိုအပ်မှုများ ဖြည့်တင်းနိုင်ရန်အတွက် ဒေသတွင်းဈေးတွင် ဟင်းသီးဟင်းရွက်များ ရောင်းချသည်။ မြို့တွင်နေထိုင်ရာ၌ ဘေးကင်းလုံခြုံမှုရှိပြီး အသက်မွေးဝမ်းကျောင်းလည်းပြုနိုင်သည်ဟု မိမိကိုယ်ကို မိမိ ယုံကြည်စိတ်ချမှုရှိလာသည်၊ မြို့တွင်နေထိုင်သူအများအပြားမှာ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုအပေါ်တွင် အမှီသဟဲပြုနေကြသည်။

*“ကျွန်မတို့ နေရပ်ကို ပြန်ရောက်ပြီးတဲ့နောက် လွတ်လွတ်လပ်လပ်ရှိလာတယ်လို့ ခံစားရတယ်၊ ပြီးတော့ ကိုယ့်ရဲ့ တကယ့်ကိုယ်ပိုင်အသိုင်းအဝိုင်းမှာ နေထိုင်နိုင်ပြီလေ၊ စခန်းမှာနေတုန်းက အနာဂတ်အတွက် ကျွန်မတို့ အမြဲစိတ်မချဖြစ်နေခဲ့ရတယ်။ အစားအစာအထောက်အပံ့နဲ့ ကာကွယ်စောင့်ရှောက်မှုတွေရနေတာတောင် ကျွန်မတို့အနာဂတ်ဟာ ဘယ်လိုဘယ်ပုံဖြစ်လာမယ်ဆိုတာကျွန်မတို့မသိခဲ့ဘူး”ဟု မြင့်သန်းက ဆိုခဲ့သည်။*

သူမ၏ခင်ပွန်းဖြစ်သူ အစိုးက “ ကျွန်တော်တို့ ထွက်လာပြီးတဲ့နောက်ပိုင်းမှာ ကရင်ပြည်နယ်က အပြောင်းအလဲတွေရှိလာပြီး အများကြီးတိုးတက်လာတာကို ကျွန်တော် တွေ့ရပါတယ်၊ အထူးသဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အဆောက်အဦးတွေမှာပေါ့။”

၂၀၀၆ ခုနှစ်၌ ထိုင်းနိုင်ငံတွင် နေထိုင်မကောင်းဖြစ်ခဲ့ပြီး နှလုံးခွဲစိတ်ကုသမှုပြုရန် လိုအပ်ခဲ့သော အစိုးသည် ၎င်း၏အခြေအနေကို ကုသရန်အတွက် ဆေးဝါးဆက်လက် သောက်သုံးနေရသည်။

သူ၏ကျန်းမာရေးအခြေအနေသည် သူနှင့် သူ၏မိသားစုအပေါ် အကြီးအကျယ်ဝန်ပိစေပြီး သူ၏ရောဂါအတွက် ဆေးဝါးများသည် ဝေါ်လေမြို့အနီးအနားတွင် မရှိသောကြောင့် နေရပ်ပြန်ပြီးနောက် သူ၏ကျန်းမာရေးအခြေအနေသည် ပိုမိုစိုးရိမ်ဖွယ်ရာဖြစ်လာသည်။

သူ၏နာတာရှည်မကျန်းမာမှု၏ အကျိုးဆက်အဖြစ် သမီးဖြစ်သူ ခင်နှင်းဝေသည် ထိုင်းနိုင်ငံရှိ စခန်းထဲ၌ နေထိုင်စဉ်အတွင်းမှာပင် မိသားစုတာဝန်ကို ထမ်းရွက်နေရသည့် မိခင်ဖြစ်သူကို ကူညီပေးနိုင်ရန်အတွက် လွန်ခဲ့သောနှစ်အနည်းငယ်ကပင် ကျောင်းမှ နုတ်ထွက်ခဲ့သည်။ “ကျွန်မအဖေရဲ့ကျန်းမာရေးအခြေအနေအရ သူအလုပ်လုပ်လို့မရပါဘူး” ဟု သူမက UNHCR ကိုပြောပြခဲ့သည်။ “ ကျွန်မက သမီးအကြီးဆုံးတစ်ယောက်ဖြစ်တာကြောင့် မိသားစုတာဝန်တွေကို ယူဖို့အတွက် ပညာသင်တာကို ရပ်လိုက်တာပါ။” UNHCR မှ နေရပ်ပြန်သူများထံ နောက်ဆက်တွဲ လိုက်လံကြည့်ရှုလည်ပတ်ပြီးနောက် သူမအနေနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းအခွင့်အလမ်းများကို တက်ရောက်ရန် စဉ်းစားနေကြောင်း တွေ့ရသည်။

၎င်းတို့နေရပ်မပြန်မီ UNHCR သည် ၎င်းတို့အား ကိုယ်တိုင်အတည်ပြုဆုံးဖြတ်နိုင်ရန်အတွက် လုံလောက်သောသတင်းအချက်အလက်များရရှိစေဖို့ သေချာစေရန်အလို့ငှာ ဝေါ်လေမြို့ရှိ လုံခြုံရေးဆိုင်ရာအခြေအနေများ၊ ရရှိနိုင်သောအရပ်သားဆိုင်ရာဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အလမ်းများ စသည်ဖြင့် ဝေါ်လေမြို့ရှိအခြေအနေများနှင့်ပတ်သက်၍ မိသားစုအား အကြံပေးခြင်း၊ သတင်းအချက်အလက် ဝေငှပေးခြင်းများ ပြုလုပ်ခဲ့သည်။





မြင့်သန်းမှ စိုက်ခင်းထဲတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနေစဉ်



အစိုး ၊ မြင့်သန်းနှင့် ၎င်းတို့၏သမီးများ ကုန်စုံဆိုင်ရှေ့တွင် ရပ်နေကြစဉ်

ခွင့်ပြုမှုလုပ်ငန်းစဉ် တစိတ်တဒေသအဖြစ် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် မိသားစုမှ မြန်မာသံရုံးအာဏာပိုင်များ၏ နိုင်ငံသားစိစစ်ရေးအကြို လုပ်ငန်းစဉ် စစ်ဆေးမှုကိုလည်း ခံယူခဲ့ကြသည်။ ယင်းလုပ်ငန်းစဉ်၏တစိတ်တပိုင်းအဖြစ် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားလက်မှတ်ကို ခရီးသွားရာတွင် ယာယီအထောက်အထားအဖြစ် အသုံးပြုနိုင်ရန် ၎င်းတို့အတွက် အသင့်ပြင်ဆင်ပေးခဲ့သည်၊ ထိုလက်မှတ်ကို မြန်မာအာဏာပိုင်များမှ ၎င်းတို့အား စခန်းထဲမှ ထွက်ခွာသောနေ့တွင် ပေးအပ်ခဲ့သည်။

၎င်းတို့အား အထောက်အထားစာရွက်စာတမ်းများ၊ ဆေးလက်မှတ်၊ သင်တန်းလက်မှတ်နှင့် ပညာရေးဆိုင်ရာလက်မှတ်များ စသည်ဖြင့် မည်သည့်အထောက်အထားလက်မှတ်ကိုမဆို ၎င်းတို့နှင့်အတူ တပါတည်းယူဆောင်သွားကြရန်လည်း UNHCR က ၎င်းတို့အား အကြံပြုခဲ့သည်။ ၎င်းတို့စခန်းထဲမှ မထွက်ခွာမီ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ ခရီးသွားရာတွင် ကြံ့ခိုင်မှုရှိ မရှိ ဆေးစစ်မှုကို ခံယူခဲ့ရပြီး လူသားချင်းဆိုင်ရာနှင့် ထည့်သွင်းပါဝင်စေခြင်းအဖွဲ့အစည်း (HI) မှ မြေမြှုပ်မိုင်းအန္တရာယ်ပညာပေး မွမ်းမံသင်တန်း ပေးခဲ့သည်။

UNHCR နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်း(WFP)မှလည်း ၎င်းတို့စခန်းထဲမှ မထွက်ခွာမီ သယ်ယူပို့ဆောင်ရေး၊ ဘဝပြန်လည်ထူထောင်ရေးပံ့ပိုးမှုနှင့် အစားအစာ ၆ လစာနှင့်ညီမျှသော အထောက်အပံ့ စသည်တို့ကို လွှမ်းခြုံမှုပြုနိုင်ရန်အတွက် ထိုင်းဘတ်ငွေ ၅၆၀၀၀ ( အမေရိကန်ဒေါ်လာ ၁၇၀၀) ဝန်းကျင် ပေးအပ်ခဲ့သည်။ ခြင်ထောင်များနှင့်အတူ အိမ်အသုံးအဆောင်ပစ္စည်းများ ၊ အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်းများ၊ ခရီးဆောင်အိတ်များနှင့် စာရွက်စာတမ်းများ ထည့်ရန်အတွက် ပလပ်စတစ်ဖိုင်များ စသည်တို့ကို ၎င်းတို့မှ လက်ခံရရှိခဲ့သည်။ နိုင်ငံတကာကယ်ဆယ်ရေးကော်မတီ(IRC) မှ မိသားစုတိုင်းစီကို တကိုယ်ရေသန့်ရှင်းရေးနှင့် ရေသန့်စင်ရေးပစ္စည်းများ ပေးခဲ့သည်။

၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်နေ့၌ ထိုင်းအာဏာပိုင်များ၏ ကြီးကြပ်မှုမှတဆင့် IOM က စီစဉ်ပေးသောဘတ်စ်ကားဖြင့် မိသားစုသည် ဒုက္ခသည်အုပ်စုအကြား မဲဆောက်-မြဝတီတံတားကို ကျော်ဖြတ်ကာ မြန်မာနိုင်ငံထဲသို့ ရောက်ရှိလာခဲ့ကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်နှင့် အခြားသော တာဝန်ရှိသူအများအပြားက ၎င်းတို့အား မြဝတီရှိ ကျောက်လုံးကြီး ပြန်လည်ကြိုဆိုလက်ခံရေးစခန်းတွင် လက်ခံ ကြိုဆိုခဲ့ကြသည်။

ကြိုဆိုလက်ခံရေးအခမ်းအနားအတွင်း မိသားစုတိုင်းသည် မြန်မာကြက်ခြေနီအသင်းနှင့် ကရင်ပြည်နယ်အာဏာပိုင်များမှ ပေးအပ်သည့် ငွေကြေးအထောက်အပံ့များ ထပ်မံရရှိခဲ့ကြပြီး မိသားစုတစ်စုလျှင် စုစုပေါင်း မြန်မာကျပ်ငွေ ၆ သိန်းဝန်းကျင် ( အမေရိကန်ဒေါ်လာ ၄၀၀) ရရှိခဲ့သည်။



မြန်မာနိုင်ငံရှိ ၎င်းတို့အိမ်အတွင်း အတူရှိနေကြသော ခင်နှင်းဝေ၊ လင်းလင်း ၊ လဲ့လဲ့ နှင့် အငယ်ဆုံးညီမနစ်ဦး

လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များမှ ၎င်းတို့အား ယာယီအိမ်ထောင်စုစာရင်းစာရွက် ချက်ချင်းထုတ်ပေးခဲ့ပြီး နောက်တနေ့တွင် ၎င်းတို့မှ တည်မြဲအိမ်ထောင်စုစာရင်းစာရွက်ကို လက်ခံရရှိခဲ့သည်။

ထိုညနေတွင် ကရင်ပြည်နယ်အာဏာပိုင်များသည် ဝေါ်လေမြို့သို့သွားရန်အတွက် သယ်ယူပို့ဆောင်ရေး စီစဉ်ပေးခဲ့ပြီး ကားလမ်းခရီးဖြင့် နာရီအတော်ကြာစီးသွားပြီးနောက် ထိုညမှာပင် မြို့သို့ ရောက်ရှိလာခဲ့ကြသည်။

*“ ကျွန်မတို့ ကိုယ့်ဆွေကိုယ့်မျိုးတွေရှိတဲ့ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လာသလိုမျိုး ခံစားရတယ်။ နိုင်ငံသားဖြစ်တဲ့ ကိုယ့်နိုင်ငံကို ကိုယ်ပြန်လာရတာ တကယ်ကို ကောင်းပါတယ်” ဟု မြင့်သန်းက ပြောသည်။ မဝေးတော့သည့်အနာဂတ်မှာ အိမ်ဆောက်နိုင်ရန်အတွက် ၎င်းတို့ကိုယ်ပိုင်မြေတစ်ကွက် မကြာမီ ရှာတွေ့နိုင်ဖို့ မိသားစုမှ မျှော်လင့်နေကြောင်း သူမက ဆက်ပြောခဲ့သည်။*

အသက်( ၁၅) နှစ်အရွယ်ရှိ ခင်နှင်းဝေသည် အသက်မွေးဝမ်းကျောင်းသင်တန်းအခွင့်အလမ်းများကို ရှာဖွေနေပြီး အငယ်ဆုံးညီမငယ်နှစ်ယောက်မှာ ကျောင်းတက်ရန် အလွန်ပင်ငယ်လွန်းသေးကာ ကျန်အမြွှာနှစ်ဦးမှာ လာမည့်ပညာသင်နှစ် မရောက်မချင်း ထိုနေ့ရက်များကို လက်ချိုးရေတွက် စောင့်မျှော်နေကြသည်။ စာသင်ကျောင်းမှာ ၎င်းတို့တက်နေကျ စခန်းထဲရှိ စာသင်ကျောင်းနှင့် မတူကွဲပြားနိုင်သည်ဟု စိတ်ပူပန်မှုအနည်းငယ်ရှိသော်လည်း သူတို့၏အနာဂတ် စိတ်ကူးအိမ်မက်များကို အာရုံစိုက်နေရမည့်အစားကျောင်းစတင်တက်ရောက်ရန်သာ စိတ်အားထက်သန်နေကြသည်။

“သမီးတို့ ကြီးလာရင် ကျောင်းဆရာမဖြစ်ချင်တယ်၊ ဒါမှ ကလေးတွေ စာသင်ဖို့အတွက် ပျော်စရာကောင်းတဲ့နေရာလေးတစ်ခု လုပ်ပေးနိုင်မှာ” ဟု လဲ့လဲ့က သူမ၏သူငယ်ချင်းများဆီသို့ ခုန်ဆွခုန်ဆွ ပြန်လှည့်ပြေးရင်း အော်ပြောခဲ့သည်။



*အမိမြေ နိုင်ငံအတွင်း၌ မိမိတို့၏ဘဝများကို ပြန်လည်ထူထောင်ရန် စတင်လုပ်ဆောင်နေပြီဖြစ်သည့်အားလျော်စွာ အစိုး၊ မြင့်သန်းနှင့် ၎င်းတို့မိသားစု၏ ဘဝဇာတ်လမ်းသည် ရှေ့ဆက်ကြုံဆုံရမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ရောယှက် ခင်းကျင်းထားသည်ကို မီးမောင်းထိုး ဖော်ပြနေသည့် ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်ပါသည်။*

သတင်းအချက်အလက်များ ပိုမိုရရှိလိုပါက -
စခန်းထဲရှိ VRC တွင်ဖြစ်စေ ၊ UNHCR ရုံးတွင်ဖြစ်စေ ရှိသည့် မည်သည့် UNHCR ဝန်ထမ်းကိုမဆို လာရောက်ဆက်သွယ်နိုင်ပြီး UNHCR Information Management Unit – Thailand - imumaesot@unhcr.org သို့မဟုတ် www.commonservice.info ထံသို့လည်း ဆက်သွယ်နိုင်ပါသည်။

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.